# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

### ဖမ်းဆီးထိန်းသိမ်း ထောင်ချခံရသူ အရေအတွက်

**၅,၁၀၄**
ချုပ်နှောင်ခံထားရသူများ

**၁,၉၆၅**
တိမ်းရှောင်နေရသူများ

**၂၁၇**
ထောင်ဒဏ်
ချမှတ်ခံထားရသူများ

**၅၈**
သေဒဏ်
ချမှတ်ခံထားရသူများ

၂၀၂၁ခုနှစ်ဖေဖော်ဝါရီ၁ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၅,၁၀၄ ဦးအထိရှိလာပြီး တိမ်းရှောင်နေရသူ ၁,၉၆၅ ဦး၊ ထောင်ဒဏ် ချမှတ်ခံရသူ ၂၁၇ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ ၅၈ ဦးအထိ ရှိလာသည်။ ထောင်ဒဏ်ချမှတ်ခံရသူ ၂၁၇ ဦး အနက် ၄၀ ဦးမှာ မျက်ကွယ်သေဒဏ်၊ ၇၈ ဦးမှာ မျက်ကွယ်ထောင်ဒဏ် ချမှတ်ခံထားရပြီး တိမ်းရှောင်လျှက်ရှိသည်။ ယခင်လက ဖော်ပြခဲ့သော ကိန်းဂဏန်းများ (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၈ ကိုရှုပါ**) နှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးချုပ်နှောင်ခံရသူ ၉၃၀ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၈၉ ဦးနှင့်သေဒဏ်ချမှတ်ခံရသူ ၃၂ ဦး တိုးလာပါသည်။


**မှတ်ချက်**
**ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင် ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။**

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

■ **ဖမ်းဆီးချုပ်နှောင်ခံထားရသူ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၆,၂၉၆ ဦးရှိခဲ့ပြီး လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၁၀၄ ဦး ရှိပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၈** တွင်ပါသည့် ကိန်းဂဏန်းများနှင့်နှိုင်းယှဉ်ပါက တလအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူ အရေအတွက် ၉၀၀ ကျော် တိုးလာပြီး ဖမ်းဆီးခံရသူအများစုသည် အရပ်သားပြည်သူအများစု ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

### စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

**ဖမ်းဆီးခံထားရသူ ကျား-မ အရေအတွက်**




စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၆,၂၉၆ ဦး ရှိခဲ့ပြီး လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၁၀၄ ဦး ရှိပါသည်။ ၎င်းတို့အနက် ဇွန် ၂၄ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၅,၁၀၄ ဦးအား ပိုင်းခြားစိတ်စစ်ခဲ့ရာ ၄,၀၄၈ဦး (၇၉ ဒသမ ၃ ရာခိုင်နှုန်း) မှာ အမျိုးသားများ၊ ၁,၀၄၉ ဦး (၂၀ ဒသမ ၅ ရာခိုင်နှုန်း) မှာ အမျိုးသမီးများဖြစ်ပြီး၊ ၇ ဦး (၀ ဒသမ ၁ ရာခိုင်နှုန်း) မှာ LGBT များဖြစ်ပါသည်။


**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

### စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

**ဖမ်းဆီးခံထားရသူ အမျိုးအစားများ**





စစ်အာဏာအသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူစုစုပေါင်း ၆,၂၉၆ ဦး ရှိခဲ့ပြီး လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၁၀၄ ဦး ရှိပါသည်။ ၎င်းတို့အနက် ဇွန် ၂၄ ရက်အထိရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၅,၁၀၄ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ သာမန်အရပ်သားပြည်သူ ၃,၇၀၀ ဦး အထိ ဖမ်းဆီးခံထားရပြီး အများဆုံးဆက်ဖြစ်နေပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

### နေရာဒေသအလိုက် ဖမ်းဆီးခံရသူများ




စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူစုစုပေါင်း ၆,၂၉၆ ဦး ရှိခဲ့ပြီး လက်ရှိအချိန်အထိဖမ်းဆီးချုပ်နှောင်ခံထားရသူစုစုပေါင်း ၅,၁၀၄ ဦး ရှိပါသည်။ ၎င်းတို့အနက် ဇွန် ၂၄ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၅,၁၀၄ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ ရန်ကုန်နှင့် မန္တလေးတွင် ဖမ်းဆီးချုပ်နှောင်ခံရသူ အများဆုံး ဖြစ်နေပါသည်။ ယခင်လက ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂၈** တွင်ပါသည့် ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ပါက စစ်ကိုင်းတိုင်း တခုထဲတွင် တလအတွင်း ဖမ်းဆီးချုပ်နှောင်ခံရသူ ၂၂၉ ဦးအထိ တိုးလာပါသည်။

* **အခြားဟူသည် အမည်နာမ၊ အရေအတွက် သိရှိရသော်လည်း မည်သည့်ဒေသ၌ အဖမ်းခံရသည်ကို အတည်မပြုနိုင်သေးသည့်သူများအား ဆိုလိုပါသည်။**

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၄)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၄ ရက်အထိ)

### တရားစွဲဆိုခဲ့သော ပုဒ်မများနှင့် အရေအတွက်

| | | | |
|---|---|---|---|
| ၁,၀၁၃ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံထားရသူများ | ၁၉ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၄ ဖြင့် တရားစွဲခံထားရသူများ |
| ၈၆ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြင့် တရားစွဲခံထားရသူများ | ၁၆ ဦး | ငြိမ်းစုစီ ဥပဒေပုဒ်မ ၁၉ဖြင့် တရားစွဲခံထားရသူမျာ |
| ၇၇ ဦး | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေဖြင့် တရားစွဲခံထားရသူများ | ၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၄၅ ဦး | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခံထားရသူများ | ၆ ဦး | ၁၉၄၉ လက်နက်ဥပဒေပုဒ်မ ၂၁(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၃၈ ဦး | လက်နက် အက်ဥပဒေဖြင့် တရားစွဲခံထားရသူများ | ၆ ဦး | ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၃၆ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲခံထားရသူများ | ၅ ဦး | အစိုးရလျှို့ဝှက်အက်ဥပဒေ ပုဒ်မ ၃၁(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၂၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(ဂ) ဖြင့် တရားစွဲခံထားရသူများ | ၃ ဦး | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၂၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တရားစွဲခံထားရသူများ | ၂ ဦး | ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံထားရသူများ |

စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၅,၁၀၄ ဦး ရှိပါသည်။ ၎င်းတို့အနက် ဇွန် ၂၄ ရက်အထိ ရရှိထားသော အချက်အလက်များအရ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က နှင့် တရားစွဲဆိုခံရသူမှာ အများဆုံးဖြစ်ပြီး ၁,၀၁၃ ဦးအထိ ရှိပါသည်။ ယခုစာရင်းတွင် လက်လှမ်းမမီ အတည်မပြုနိုင်သော စာရင်းများနှင့် ဖမ်းဆီးထိန်းသိမ်းထားခံရပြီးမှ တရားစွဲဆို ပုဒ်မ မတပ်ရသေးသော လူစာရင်းများလည်း ကျန်နေနိုင်ပါသည်။